ပြည်ထောင်စုလွှတ်တော်ရုံးက ၁၅-၇-၂၀၁၉ ရက်တွင် ဖြန့်ဝေသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီကို ၁၉-၂-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ပေး အပ်ခဲ့ပါသည်။ ပူးပေါင်းကော်မတီ၏ အစည်းအဝေးများကို ၂၀-၂-၂၀၁၉ ရက်နေ့မှ ၁၃-၆-၂၀၁၉ ရက်နေ့အထိ လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီ (၁၄) ပါတီတို့မှကိုယ်စားလှယ်များ၊ တစ်သီး ပုဂ္ဂလကိုယ်စားလှယ်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ကိုယ်စားလှယ်များဖြင့် ကျင်းပခဲ့ပါသည်။

၂။ ပူးပေါင်းကော်မတီ၏ (၂၁) ကြိမ်မြောက်အစည်းအဝေး၌ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ်တွင် ပြင်ဆင်ရန်၊ အသစ်ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန်နှင့် မူလအတိုင်း ထားရှိရန် အကြံပြုချက်များအားလုံးကို စုစည်းရရှိခဲ့ပါသည်။ အဆိုပါစုစည်းရရှိချက်များကို အခြေခံ၍ လွှတ်တော်သို့ တင်ပြမည့် အစီရင်ခံစာပြုစုရန် ၈-၇-၂၀၁၉ ရက်နေ့မှ ၁၂-၇-၂၀၁၉ ရက်နေ့အထိ ပူးပေါင်းကော်မတီအစည်းအဝေးများ ဆက်လက်ကျင်းပခဲ့ပါသည်။

၃။ ပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉) အပိုဒ် ၃ တွင် ဖော်ပြထားသည့် အောက်ပါဦးတည်ချက် (၅) ရပ်ကို အခြေခံ၍ ဆောင်ရွက်ခဲ့ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်း ရှိစေရန်၊ ရှေ့နောက်ညီညွတ်၍ ဆန့်ကျင်ကွဲလွဲမှုမရှိသည့် ပြဋ္ဌာန်းချက်များ ဖြစ်ပေါ် လာစေရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတား ဖြစ်စေသော ပြဋ္ဌာန်းချက်များကို ပြင်ဆင်နိုင်ရန်တို့အတွက် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် အညီ သုံးသပ်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊

(ခ) အပြန်အလှန်ထိန်းကျောင်းရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာသုံးရပ်ကို တစ်ဖက်စောင်းနင်း ဖြစ်စေသော ပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများ၏ တန်းတူညီမျှမှုကို အကာအကွယ်ပေးနိုင်ခြင်းမရှိသော ပြဋ္ဌာန်းချက်များ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များတို့ကို ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် စနစ်တကျ ပြင်ဆင် ဆောင်ရွက်နိုင်ရေး၊

(ဂ) ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများကို တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် (၂၁) ရာစုပင်လုံညီလာခံက အတည်ပြုခဲ့ပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ပါ "နိုင်ငံတော်ကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်" ဟူသည့် သဘောတူညီချက်နှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်လာစေရေး၊

(ဃ) ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူအများက ကိုယ်စားပြုဒီမိုကရေစီစနစ်အရ တာဝန်အပ်နှင်းထားသည့် နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုပေါင်းစုံပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်းချက်များအပေါ် သုံးသပ်၊ ဆွေးနွေးဆုံးဖြတ်၍ အစီရင်ခံစာတစ်ရပ်ကို တိုင်းရင်းသားပြည်သူလူထု အားလုံး၏ စစ်မှန်သည့် ဆန္ဒသဘောထားနှင့် ကိုက်ညီစွာ ပြုစုဆောင်ရွက်နိုင်စေရေး၊

(င) ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက အကြံပြုသုံးသပ်ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီးသည့်နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲရေး။

**ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်**

၄။ အခန်း(၁) **"နိုင်ငံတော်အခြေခံမူများ"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၅၉) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၃၉) ခုကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁) အပေါ် နိုင်ငံရေးပါတီနှင့်အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၃) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၃၆) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၄၅) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၂၉) ချက်

(င) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁) ချက်

(စ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၂၇) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၁၀) ချက်

(ဇ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၇) ချက်

(ဈ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၁) ချက်

(ည) မွန်အမျိုးသားပါတီ (၄၄) ချက်

(ဋ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၁၉) ချက်

၅။ အခန်း (၂) **"နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ"**အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၃၇) ခုရှိကြောင်း စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၂) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရခိုင်အမျိုးသားပါတီ (၃၂) ချက်

(ခ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၂၂) ချက်

(ဂ) တအာင်း(ပလောင်) အမျိုးသားပါတီ (၆) ချက်

(ဃ) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၅) ချက်

(င) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၄) ချက်

(စ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၁) ချက်

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၂) ချက်

(ဇ) မွန်အမျိုးသားပါတီ (၂၆) ချက်

(ဈ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၁၃) ချက်

၆။ အခန်း (၃) **"နိုင်ငံတော်အကြီးအကဲ"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၄၉) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၅) ခုကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၃) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၃) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၃၈) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၄၉) ချက်

(ဃ) တအာင်း (ပလောင်) အမျိုးသားပါတီ (၂၉) ချက်

(င) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁၃) ချက်

(စ) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) (၇) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၂၃) ချက်

(ဇ) မွန်အမျိုးသားပါတီ (၃၀) ချက်

(ဈ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၂၆) ချက်

၇။ အခန်း (၄) **"ဥပဒေပြုရေး"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၃၂၆) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၃၃) ခုကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၄) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၄) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၂၁၅) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၃၂၄) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၁၅) ချက်

(င) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၁၈) ချက်

(စ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၁) ချက်

(ဆ) မွန်အမျိုးသားပါတီ (၂၀၆) ချက်

(ဇ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၆၆) ချက်

၈။ အခန်း (၅) **"အုပ်ချုပ်ရေး"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၃၉၇) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၅၉) ခုကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၅) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂၇) ချက်

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၈) ချက်

(ဂ) ရခိုင်အမျိုးသားပါတီ (၂၉၄) ချက်

(ဃ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၃၅၈) ချက်

(င) တအာင်း(ပလောင်) အမျိုးသားပါတီ (၆၁) ချက်

(စ) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁၂) ချက်

(ဆ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၆၀) ချက်

(ဇ) လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) (၁၉) ချက်

(ဈ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၂၁) ချက်

(ည) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၁၅) ချက်

(ဋ) မွန်အမျိုးသားပါတီ (၁၇၈) ချက်

(ဌ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၁၅၈) ချက်

၉။ အခန်း (၆) **"တရားစီရင်ရေး"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ပုဒ်မခွဲ (၂၀၀) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ပုဒ်မခွဲ (၂၉) ခုကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၆) အပေါ် နိုင်ငံရေးပါတီနှင့်အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၅) ချက်

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၁) ချက်

(ဂ) ရခိုင်အမျိုးသားပါတီ (၁၈၃) ချက်

(ဃ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၇၃) ချက်

(င) တအာင်း(ပလောင်) အမျိုးသားပါတီ (၁၆) ချက်

(စ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၁၅) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၁) ချက်

(ဇ) မွန်အမျိုးသားပါတီ (၁၂၃) ချက်

(ဈ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၁၁၅) ချက်

၁၀။ အခန်း (၇) **"တပ်မတော်"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၁၁) ခုရှိကြောင်း စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၇) အပေါ် နိုင်ငံရေးပါတီနှင့်အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၃) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၃) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၀) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၅) ချက်

(င) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၁) ချက်

(စ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၃) ချက်

(ဆ) မွန်အမျိုးသားပါတီ (၁၁) ချက်

(ဇ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၆) ချက်

၁၁။ အခန်း (၈) **"နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၄၀) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၄၄) ခု ကို မူလအတိုင်းထားရှိရန် စုစည်း မှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၈) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ အရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂) ချက်
(ခ) ရခိုင်အမျိုးသားပါတီ (၃) ချက်
(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၃၇) ချက်
(ဃ) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၆) ချက်
(င) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၂) ချက်
(စ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၂) ချက်
(ဆ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၁) ချက်
(ဇ) မွန်အမျိုးသားပါတီ (၁) ချက်
(ဈ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၄) ချက်

၁၂။ အခန်း (၉) **"ရွေးကောက်တင်မြှောက်ခြင်း"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၂၈) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၄၇) ခု ကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၉) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၃) ချက်
(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၁) ချက်
(ဂ) ရခိုင်အမျိုးသားပါတီ (၉) ချက်
(ဃ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၇) ချက်
(င) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၅) ချက်
(စ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၂) ချက်
(ဆ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၈) ချက်

၁၃။ အခန်း (၁၀) **"နိုင်ငံရေးပါတီများ"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ် ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၇) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၁၄) ခုကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁၀) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၂) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၆) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၁) ချက်

(င) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁) ချက်

(စ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၁) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၃) ချက်

(ဇ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၁) ချက်

(ဈ) မွန်အမျိုးသားပါတီ (၁) ချက်

(ည) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၃) ချက်

၁၄။ အခန်း (၁၁) **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၃၄) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၃) ခု ကို မူလအတိုင်း ထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁၁) အပေါ် နိုင်ငံရေးပါတီနှင့် အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂၈) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၂၁) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၃၃) ချက်

(ဃ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၂) ချက်

(င) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၂၄) ချက်

(စ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၂၀) ချက်

၁၅။ အခန်း (၁၂) **"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း"** အခန်းတွင် အခန်းခေါင်းစဉ်အပါအဝင် ပုဒ်မ (၄) ခု၊ ပုဒ်မခွဲ (၄) ခုရှိသည့်အနက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၄) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် အခန်းခေါင်းစဉ်၊ ပုဒ်မ (၁) ခု၏ ခြေဆင်းနှင့် ပုဒ်မခွဲ (၂) ခု ကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁၂) အပေါ် နိုင်ငံရေးပါတီနှင့်အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၄) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၄) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၁) ချက်

(င) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁) ချက်

(စ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၂) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၂) ချက်

(ဇ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၂) ချက်

(ဈ) မွန်အမျိုးသားပါတီ (၄) ချက်

(ည) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၂) ချက်

(ဋ) တစ်သီးပုဂ္ဂလ (၃) ချက်

၁၆။ အခန်း (၁၃) **"နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၈) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်း မရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၁) ခု ကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁၃) အပေါ် နိုင်ငံရေးပါတီနှင့်အစုအဖွဲ့အလိုက် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁) ချက်

(ခ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၈) ချက်

(ဂ) ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁) ချက်

(ဃ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၃) ချက်

၁၇။ အခန်း (၁၄) **"ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ"** အခန်းတွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၁၀) ခုရှိကြောင်း စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁၄) အပေါ် နိုင်ငံရေး ပါတီနှင့်အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ပုဒ်မခွဲ အရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၀) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၁၀) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၀) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၁၀) ချက်

(င) ဗိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၁၀) ချက်

(စ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၃) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၁၀) ချက်

(ဇ) ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (၁၀) ချက်

(ဈ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၁၀) ချက်

(ည) မွန်အမျိုးသားပါတီ (၁၀) ချက်

(ဋ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၉) ချက်

၁၈။ အခန်း (၁၅) **"အထွေထွေပြဋ္ဌာန်းချက်များ"** အခန်း နှင့် **"ဇယား (၁) မှ ဇယား (၅)အထိ"** တို့တွင် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ဖြည့်စွက်ရန် အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲ (၁၅) ခုရှိပြီး အကြံပြုတင်ပြခဲ့ခြင်းမရှိသည့် ပုဒ်မ၊ ပုဒ်မခွဲ (၃) ခု ကို မူလအတိုင်းထားရှိရန် စုစည်းမှတ်တမ်းတင်ခဲ့ပါသည်။ အခန်း (၁၅) **"အထွေထွေပြဋ္ဌာန်းချက်များ"** အခန်းနှင့် **"ဇယား (၁) မှ ဇယား (၅) အထိ"** တို့အပေါ် နိုင်ငံရေးပါတီနှင့်အစုအဖွဲ့အလိုက်အကြံပြုတင်ပြခဲ့သည့် ပုဒ်မ၊ ပုဒ်မခွဲအရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂) ချက်

(ခ) ရခိုင်အမျိုးသားပါတီ (၈) ချက်

(ဂ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁၆) ချက်

(ဃ) တအာင်း(ပလောင်) အမျိုးသားပါတီ (၅) ချက်

(င) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် (၃) ချက်

(စ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (၅) ချက်

(ဆ) ကချင်ပြည်နယ်ဒီမိုကရေစီပါတီ (၅) ချက်

(ဇ) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (၃) ချက်

(ဈ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၄) ချက်

(ည) မွန်အမျိုးသားပါတီ (၇) ချက်

(ဋ) အမျိုးသားညီညွတ်သော ဒီမိုကရက်တစ်ပါတီ (၁၀) ချက်

၁၉။ နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့၏ တင်ပြချက် စုစုပေါင်းကို အခန်းအလိုက် အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါသည်-

(က) အခန်း (၁) တွင် (၂၃၁) ချက်

(ခ) အခန်း (၂) တွင် (၁၁၁) ချက်

(ဂ) အခန်း (၃) တွင် (၂၁၈) ချက်

(ဃ) အခန်း (၄) တွင် (၈၅၉) ချက်

(င) အခန်း (၅) တွင် (၁၂၁၁) ချက်

(စ) အခန်း (၆) တွင် (၆၃၂) ချက်

(ဆ) အခန်း (၇) တွင် (၄၂) ချက်

(ဇ) အခန်း (၈) တွင် (၅၈) ချက်

(ဈ) အခန်း (၉) တွင် (၄၅) ချက်

(ည) အခန်း (၁၀) တွင် (၂၀) ချက်

( ဋ ) အခန်း (၁၁) တွင် (၁၂၈) ချက်

( ဌ ) အခန်း (၁၂) တွင် (၂၇) ချက်

( ဍ ) အခန်း (၁၃) တွင် (၁၃) ချက်

( ဎ ) အခန်း (၁၄) တွင် (၁၀၂) ချက်

(ဏ) အခန်း (၁၅) တွင် (၆၈) ချက်

ယင်းသို့တင်ပြခဲ့သည့် **ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက် စုစုပေါင်း (၃၇၆၅) ချက်**ကို နောက်ဆက်တွဲဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားခြင်း မရှိသည့် အခန်းခေါင်းစဉ်၊ ပုဒ်မ၊ ပုဒ်မခွဲများကို မူလအတိုင်းထားရှိရန် အကြံပြုတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

၂၀။ နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားသော အခန်းအလိုက်အကြံပြုချက်များကို အောက်ပါ အတိုင်း ပူးတွဲဖြန့်ဝေထားပါကြောင်း တစ်ပါတည်းတင်ပြအပ်ပါသည်-

(က) အခန်း (၁) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၁ မှ ၁၉ ထိ

( ခ ) အခန်း (၂) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၀ မှ ၃၂ ထိ

( ဂ ) အခန်း (၃) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၃၃ မှ ၄၉ ထိ

(ဃ) အခန်း (၄) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၅၀ မှ ၁၁၆ ထိ

( င ) အခန်း (၅) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၁၁၇ မှ ၂၁၅ ထိ

( စ ) အခန်း (၆) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၁၆ မှ ၂၆၄ ထိ

(ဆ) အခန်း (၇) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၆၅ မှ ၂၇၀ ထိ

( ဇ ) အခန်း (၈) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၇၁ မှ ၂၇၇ ထိ

( ဈ ) အခန်း (၉) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၇၈ မှ ၂၈၃ ထိ

(ည) အခန်း (၁၀) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၈၄ မှ ၂၈၅ ထိ

( ဋ ) အခန်း (၁၁) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၂၈၆ မှ ၃၀၁ ထိ

( ဌ ) အခန်း (၁၂) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၃၀၂ မှ ၃၀၅ ထိ

( ဍ ) အခန်း (၁၃) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၃၀၆ မှ ၃၀၇ ထိ

( ဎ ) အခန်း (၁၄) အတွက် နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၃၀၈ မှ ၃၀၉ ထိ

(ဏ) အခန်း (၁၅) နှင့် ဇယား (၁) မှ (၅) အထိအတွက်
နောက်ဆက်တွဲဇယားတွင် စာမျက်နှာ ၃၁၀ မှ ၃၅၃ ထိ

## ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်

၂၁။ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနောက်ဆက်တွဲဇယားပါ နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီး နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့၏ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ စုစည်းတင်ပြခြင်းဖြစ်ပါသည်။

၂၂။ ပူးပေါင်းကော်မတီဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအပိုဒ် ၄၊ အပိုဒ်ခွဲ (ဃ) တွင် ဖော်ပြထားသည့်အတိုင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ပြီးစီးသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂၃။ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ၊ နောက်ဆက်တွဲဇယားပါအကြံပြုချက်များအပေါ် အခြေခံ၍လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုသုံးသပ် ဆွေးနွေးချက်များကို ထည့်သွင်းစဉ်းစား၍လည်းကောင်း ပူးပေါင်းကော်မတီ ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ အပိုဒ် ၅၊ အပိုဒ်ခွဲ (စ) တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း အသီးသီးတို့ထံမှ အကြံဉာဏ်များရယူ၍ ပူးပေါင်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားစီရင်ရေးဆိုင်ရာ အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊

(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊

(င) တိုင်းရင်းသားရေးရာဝန်ကြီးများ၊

(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုယ်စားလှယ်များ၊

(ဆ) တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊

(ဇ) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊

(ဈ) ဥပဒေပညာရှင်များ။

၂၄။ ပူးပေါင်းကော်မတီသည် အထက်စာပိုဒ်ပါပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းသုံးသပ်ရရှိချက်များအပေါ် အခြေခံ၍ အကြံပြုချက်များအနက်မှ

ဥပဒေကြမ်းတွင် ပါဝင်သင့်သည့်အချက်များကို စုစည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုလျက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ပူးပေါင်းကော်မတီ၏သဘောထားမှတ်ချက်

၂၅။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်ကို ဆက်လက်ပြုစုရေးဆွဲ ဆောင်ရွက်ရန်ဖြစ်၍ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)**
**ပြင်ဆင်ရေးပူးပေါင်းကော်မတီ**

## တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂) နှင့် ကိုက်ညီခြင်းမရှိသောကြောင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များက ကော်မတီဖွဲ့စည်းရန် အဆိုတင်သွင်းစဉ်ကပင် ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်မှ မဲခွဲဆုံးဖြတ်အတည်ပြုပြီး အဆိုပါ ကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်၍ ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာသောအားဖြင့် ပါဝင်တက်ရောက်ခဲ့ ပါသည်။

၃။ ထိုသို့ တက်ရောက်စဉ်တွင်လည်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်ရန် အဆိုပြုချက်များ တင်သွင်းခြင်း၊ သဘောထားမှတ်ချက်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ယခုပူးပေါင်းကော်မတီ၏ အစီရင်ခံစာဆိုင်ရာ လုပ်ငန်းစဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၂) ပါဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိပါကြောင်း သဘောထား မှတ်ချက်ပြုပါသည်။